# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# (၂၈) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်

## (၂၀၁၃ ခုနှစ်၊ မတ်လ ၁၅ ရက်)

## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ကို မွန်းလွဲ ၁၂:၁၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၂:၁၅။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး ရှိတဲ့အနက် ၃၆၀ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၅၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးအောင်ဆန်း(အဖွဲ့ဝင်၊လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၅-၃-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့မှာ ခွင့်တိုင်ကြားသူ ၆၆ ဦးရှိပါ တယ်။ အဲဒီမှာ ယခင်ကခွင့်ပြုထားသူ ၃၉ ဦးရှိပြီးတော့ ယနေ့ခွင့်ပန်ကြားသူ ၂၇ ဦးရဲ့ အမည်ကို လွှတ်တော်အခွင့်အရေးကော်မတီမှ တင်ပြခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား-

(၁) ပုတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ၊

(၂) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ်၊

(၃) ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင်၊

(၄) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၊

(၅) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး၊

(၆) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး၊

(၇) ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ၊

(၈) ရေစကြိုမဲဆန္ဒနယ်မှ ဦးတိုးရွှေ(ခ)ဦးတင်ဌေးအောင်၊

(၉) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း၊

(၁၀) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန်၊

(၁၁) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင်၊

(၁၂) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၊

(၁၃) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ၊

(၁၄) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း၊

(၁၅) ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ(ခ)ဦးလှမြင့်၊

(၁၆) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း၊

(၁၇) သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း၊

(၁၈) တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းဝင်း၊

(၁၉) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့်၊

(၂၀) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်၊

(၂၁) နမ္မတူမဲဆန္ဒနယ်မှ ဦးစိုင်းအောင်လှ၊

(၂၂) အင်ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၊

(၂၃) ဟင်္သာတမဲဆန္ဒနယ်မှ ဦးဌေးဦး၊

(၂၄) တပ်မတော်သားကိုယ်စားလှယ် ခလရ(၂)မှ ဗိုလ်မှူးသန်းဦး၊

(၂၅) တပ်မတော်သားကိုယ်စားလှယ် စခန(၇၄၇)မှ ဗိုလ်မှူးစိုးသူ၊

(၂၆) တပ်မတော်သားကိုယ်စားလှယ် ဒကစ(လှိုင်ကော်)မှ ဗိုလ်မှူးကြီးအောင်မြင့်၊

(၂၇) တပ်မတော်သားကိုယ်စားလှယ် စလခွဲ (၉၄၂) မှ ဗိုလ်မှူးကျော်မြင့်အောင်တို့ရဲ့ ခွင့်ပန်ကြားခြင်းကို ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၇ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၆၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း သတင်းအချက်အလက်နှင့်နည်းပညာဌာနတွင် လုပ်ကိုင်လျက်ရှိသော နေ့စားဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်ထားပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်း

ဆက်သရင်းဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ၏ တိုးတက်နေသော ခေတ်စနစ်နှင့်အညီ နည်းပညာတတ်ကျွမ်းသူများ၏ ဘဝအခြေအနေအား တိုးတက်ဆောင်ရွက်လိုသောဆန္ဒနှင့်အညီ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် သက်ဆိုင်သောမေးခွန်းအား မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့ကြီးများရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနတွင် လုပ်ငန်းလိုအပ်ချက်အရ ကျွမ်းကျင်ပညာရှင်များအား လျှောက်လွှာခေါ်ယူ၍ ခန့်ထားပေးခဲ့ရာ စီမံကိန်းနေ့စားအဖြစ် ဆောင်ရွက်လျက်ရှိကြသော နေ့စားဝန်ထမ်းများမှာ လုပ်သက်သက်တမ်း ၁ နှစ်မှ ၅ နှစ်အထိ ရှိနေကြကြောင်းသိရှိရပါတယ်။ သို့ဖြစ်ပါ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနတွင် လုပ်ကိုင်လျက်ရှိသော နေ့စားဝန်ထမ်းများအား ပေးထားသည့် နေ့တွက်စရိတ် လုပ်ခများသည် ခေတ်စနစ်နှင့် လျော်ညီခြင်းရှိ၊ မရှိနှင့် အဆိုပါနေ့စားဝန်ထမ်းများအား အမြဲတမ်း ဝန်ထမ်းများအဖြစ် ခန့်ထားပေးရန် အစီအစဉ်ရှိ၊ မရှိ။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ခန့်ထားပေးမည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဒီနေ့ အစည်းအဝေးကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာပထမဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးရဲ့ မေးမြန်းချက်ကို ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနမှ လုပ်ကိုင်လျက်ရှိတဲ့ နေ့စားဝန်ထမ်းများမှာ ၂ ပိုင်းရှိပါတယ်။ ပထမတစ်ပိုင်းက နိုင်ငံတော်ရဲ့ ခွင့်ပြုချက်အရခန့်ထားတဲ့ ယာယီနေ့စား (Muster Roll) ဝန်ထမ်းများဖြစ်ပြီးတော့ ဒုတိယနေ့စား

များကတော့ ဌာနရဲ့ လုပ်ငန်းလိုအပ်ချက်အရ ပြင်ပလုပ်ငန်းဆောင်ရွက်မှုစရိတ်ကနေ ငှားရမ်းထားတဲ့ နေ့စားလုပ်သားများပဲ ဖြစ်ပါတယ်။ ဒီနေ့စား ၂ မျိုးမှာ ကျွန်တော်တို့ Muster Roll အရ ခန့်ထားတဲ့ ဝန်ထမ်းများကိုတော့ အမြဲတမ်း ဝန်ထမ်းများနည်းတူ သာမန်အသုံးစရိတ် လစာငွေခေါင်းစဉ်အောက် က ကျခံပေးချေတဲ့အတွက် အပိုထောက်ပံ့ကြေးငွေလည်း ခံစားခွင့်ရှိပါတယ်။ ဒုတိယအမျိုးအစား နေ့စားဝန်ထမ်းတွေကတော့ ဌာနရဲ့ဆောင်ရွက်ရမယ့်လုပ်ငန်းအပေါ်မှာ အခြေခံပြီးတော့ လုပ်ငန်း လိုအပ်ချက်အရ ပုတ်ပြတ်ငှားရမ်းထားတဲ့ အလုပ်သမားများသာ ဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေကာမူ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ လုပ်ငန်းလိုအပ်ချက်အရ ဝန်ထမ်းများထပ်မံတိုးချဲ့ဖွဲ့စည်းဖို့တင်ပြလျက်ရှိ ပါတယ်။ ကျွန်တော်တို့ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနဟာ လက်ရှိဖွဲ့စည်းပုံအရ အရာထမ်း ၁၆ ဦး၊ အမှုထမ်း ၆၁ ဦးနှင့် စုစုပေါင်း ၇၇ ဦးပဲ ရှိတဲ့အတွက် လုပ်ငန်းလိုအပ်ချက်အရ ဝန်ထမ်းဦးရေ အများအပြားလိုအပ်ပါတယ်။ ဒါနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာ အစိုးရအဖွဲ့ကို တင်ပြတဲ့အခါမှာ အစိုးရအဖွဲ့ရုံးအနေနဲ့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့မှာ ဖွဲ့စည်းပုံအသစ်အနေနဲ့ အရာထမ်း ၁၉၆ ဦး၊ အမှုထမ်း ၆၂၃ ဦး၊ စုစုပေါင်း ၈၁၉ ဦးကို ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ထို့အတူပဲ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကိုလည်း လုပ်ငန်းလိုအပ်ချက်အရ ထပ်မံပြီးတော့ တိုးချဲ့ဖို့တင်ပြထားဆဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခုလက်ရှိလုပ်နေတဲ့ နေ့စားဝန်ထမ်းအားလုံးလိုလိုပင် ထပ်မံပြီးတော့ ခန့်ထားရမှာဖြစ်တဲ့အတွက် ဦးသိန်းထွန်းဦးတင်ပြတဲ့ နေ့စားဝန်ထမ်းအားလုံးလိုလိုဟာ ဝန်ထမ်းများ၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ခန့်အပ်ပြီးတော့ အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်အပ်ပေးသွားမှာ ဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါ တယ်ခင်ဗျား။ (သြဘာသံများ)

**အင်းလေးကန်ထိန်းသိမ်းရေးအတွက် ရန်ပုံငွေခွဲဝေသုံးစွဲမှုနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြား ထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ အင်းလေးဒေသ ညောင်ရွှေမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ

ထိန်းသိမ်းရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ နှစ်ရှည်စီမံကိန်းများဆောင်ရွက်နေကြောင်း ကြားသိရပါတယ်။ နိုင်ငံတော်မှလည်း ဒီမိုကရေစီဖော်ဆောင်နိုင်ရေးအတွက် ပြည်သူများကဏ္ဍစုံမှ ပူးပေါင်းပါဝင်လာနိုင်စေရန် ကောင်းမွန်သောမူဝါဒများချမှတ်ခဲ့ပါတယ်။ ယခုအခါအင်းလေးဒေသတွင် သောက်သုံးရေသန့်ရရှိရေးအဖွဲ့၊ ချမ်းမြသာစည်ရပ် နဂါးပွက်ကျောင်း၊ အင်းလေးစာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ညောင်ရွှေ)၊ အဲဆားလူဂဲအဖွဲ့(ဂါလေး)၊ မေတ္တာရှင်နာရေးကူညီမှုအဖွဲ့(နန်းပန်)၊ မီးအိမ်ရှင်လူမှုကူညီရေးအဖွဲ့(သပြေပင်)စသည့် လူမှုရေးအဖွဲ့အစည်းများဖွဲ့စည်း၍ ဒေသအတွင်း အကျိုးပြုလုပ်ငန်းများဆောင်ရွက်လျက်ရှိကြပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့လမ်းညွှန်မှုဖြင့်လည်း ပြည်သူ့ ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖများ၊ လုပ်ငန်းပေါင်းစုံမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဦးစီးအရာရှိများပါဝင်သော အင်းလေးဒေသလုံးဆိုင်ရာ ဒေသဖွံ့ဖြိုးရေးကော်မတီကိုလည်း ဖွဲ့စည်းပြီးဖြစ်ပါတယ်။ အင်းလေးကန်ထိန်းသိမ်းရေးအတွက် ဒေသခံပြည်သူလူထုနဲ့ပူးပေါင်းပြီး နှစ်ရှည်စီမံကိန်းတစ်ခုကိုလည်း နော်ဝေနိုင်ငံအစိုးရရဲ့ ကူညီပံ့ပိုးမှုဖြင့် အကောင်အထည်ဖော်ဆောင်ရန်စီစဉ်လျက်ရှိကြောင်းသိရပါတယ်။ သို့ဖြစ်ပါ၍ ဒေသခံပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးလိုတဲ့မေးခွန်းမှာ (၁) အင်းလေးကန်ထိန်းသိမ်းရေးအတွက် ရန်ပုံငွေများကို မည်သို့သောအဖွဲ့အစည်းသို့ မည်ကဲ့သို့အတိုင်းအတာဖြင့်ချမှတ်၍ မည်သည့်နေရာများတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို ရှင်းလင်းစွာသိလိုပါတယ်။ (၂) အင်းလေးကန်ဒေသအတွင်းရှိ လူမှုရေးအဖွဲ့များသို့ ရန်ပုံငွေတိုက်ရိုက်ချမှတ်သုံးစွဲနိုင်ခွင့်ရှိလျှင် မည်ကဲ့သို့သောစည်းမျဉ်း၊ စည်းကမ်းများဖြင့်ရန်ပုံငွေရရှိရေးကို လျှောက်လွှာတင်သွင်းရမည်ကိုသိရှိလိုပါတယ်။ (၃) နိုင်ငံတော်၏မူဝါဒအရ ဗဟိုထိန်းချုပ်မှုလျှော့ချ၍ ဖွဲ့စည်းထားရှိပြီးဖြစ်သော အင်းလေးဒေသလုံးဆိုင်ရာဒေသဖွံ့ဖြိုးရေးကော်မတီသို့ ရန်ပုံငွေအချို့ကို ခွဲဝေသုံးစွဲခွင့်ပြုနိုင်၊ မပြုနိုင်သိရှိလိုပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာ သက်သက်ဇင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်များ မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဆုမွန်တောင်းရင်း

နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သက်သက်ဇင်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ညောင်ရွှေ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ၏အင်းလေးကန်နှင့်သက်ဆိုင်သည့် မေးခွန်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဖြေကြားသွားမှာဖြစ်ပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ ပထမမေးခွန်းနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် ကုလသမဂ္ဂအစီအစဉ်ဖြင့် အမေရိကန်ဒေါ်လာ ၆ သိန်း၊ နော်ဝေနိုင်ငံအစိုးရမှအမေရိကန်ဒေါ်လာ ၂ သန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂.၆ သန်းဖြင့် အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး စီမံကိန်းများအဖြစ် ပတ်ဝန်းကျင်နှင့် သစ်တောထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်း၊ ရေနှင့် မြေဆီလွှာ ထိန်းသိမ်းရေးလုပ်ငန်း၊ စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်း၊ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆိုင်ရာလုပ်ငန်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းဆိုင်ရာလုပ်ငန်းများစသည့်လုပ်ငန်းများကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ စတင်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ စီမံချက်ကာလအဖြစ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်ရှင်။ စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုများကို ပင်းတယမြို့နယ်၌ကျေးရွာ ၁၇ ရွာ၊ ကလောမြို့နယ်၌ ၂၅ ရွာနှင့် ညောင်ရွှေမြို့နယ်၌ ၂၉ ရွာတို့တွင် ဆောင်ရွက်လျက်ရှိပါတယ်။ အင်းလေးကန်ရေရှည်တည်တံ့ရေးစီမံကိန်းတွင် ပူးပေါင်းဆောင်ရွက် သည့်အဖွဲ့အစည်းများအနေဖြင့် ဒေသခံလူမှုရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းမှအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စုစုပေါင်း ၁၂ ဖွဲ့ဖြင့် အဓိကလုပ်ငန်းကြီး ၅ ခု၊ အသေးစိတ်လုပ်ငန်းခေါင်းစဉ် ၇၀ ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး၏ဒုတိယမေးခွန်းနှင့်ပတ်သက်၍ အင်းလေးကန်ထိန်းသိမ်းရေး၊ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကိုဆောင်ရွက်လိုသော အဖွဲ့အစည်းများသည် လုပ်ငန်းအလိုက်ဆောင်ရွက်မည့်အစီအမံများကို စီမံချက်နှင့်တကွ စီမံကိန်းအဆိုပြုလွှာများရေးဆွဲ၍ အင်းလေးကန်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း စီမံကိန်းနည်းပညာဆိုင်ရာ အကြံပေးအဖွဲ့ (Technical Advisory Group) သို့ တင်ပြရပါတယ်ရှင်။ နည်းပညာဆိုင်ရာ အကြံပေးအဖွဲ့ကိုလည်း အင်းလေးကန်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နေသည့် ကဏ္ဍအသီးသီးမှ အစိုးရများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းမှကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားကြောင်းတင်ပြအပ် ပါတယ်။

ကိုယ်စားလှယ်တော်ကြီး၏တတိယမေးခွန်းတွင်ဖော်ပြထားသော အင်းလေးဒေသလုံးဆိုင်ရာ ဒေသဖွံ့ဖြိုးရေးကော်မတီသို့ ရန်ပုံငွေအချို့ကို ခွဲဝေသုံးစွဲခွင့်ပြုနိုင်ခြင်းရှိ၊ မရှိနှင့်ပတ်သက်၍ အင်းလေးကန်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးစီမံကိန်းရန်ပုံငွေအား ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (United Nations Development Program - UNDP) မြန်မာနိုင်ငံဌာနေ ကိုယ်စားလှယ်ရုံးမှကိုင်တွယ်၍စိစစ်ကြီးကြပ်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများသို့ တိုက်ရိုက်ထုတ်ပေးလျက်ရှိပါသည်။ အစိုးရဌာနများမှတိုက်ရိုက်ထုတ်ပေးခြင်းမရှိဘဲ အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးစီမံကိန်းလုပ်ငန်းများကြီးကြပ်ကွပ်ကဲမှုကော်မတီနှင့် UNDP တို့မှလုပ်ငန်းများကို စစ်ဆေးကြီးကြပ်ပေးခြင်းဖြင့်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ လုပ်ငန်းရပ်အသီးသီးအလိုက် စီမံကိန်းအကောင်အထည်ဖော်ရေးဆောင်ရွက်နေကြသော ဒေသခံလူမှုရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းမှအစိုးရမဟုတ်သောအဖွဲ့အစည်း ၁၂ ဖွဲ့သည်လည်း သက်ဆိုင်ရာလုပ်ငန်းအလိုက် ရန်ပုံငွေခွဲဝေသတ်မှတ်ထားချက်အရ ကော်မတီနှင့် UNDP တို့သို့တင်ပြအစီရင်ခံခြင်း၊ လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆွေးနွေးခြင်းများစသည့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကို တိုးတက်အောင်မြင်အောင်ဆောင်ရွက်လျက်ရှိပါတယ်။ သို့ပါ၍ အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် ပြန်လည်ထူထောင်ရေးစီမံကိန်းလုပ်ငန်းများအတွက် ရန်ပုံငွေကို နိုင်ငံတော်အစိုးရမှတိုက်ရိုက် ထိန်းချုပ်ဆောင်ရွက်နေခြင်းမဟုတ်ဘဲ UNDP အပါအဝင် အင်းလေးကန်ပြန်လည်ထိန်းသိမ်းရေး၊ မွမ်းမံရေးကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေသောအဖွဲ့အစည်းများကသာ လုပ်ငန်းအလိုက်ဆောင်ရွက်သည့်ပမာဏ၊ ကုန်ကျသုံးစွဲမည့်ငွေကြေးကို စနစ်တကျတွက်ချက်ရေးဆွဲတင်ပြပြီး ၎င်းတို့ကိုယ်တိုင်အဆင့်ဆင့်စိစစ် ကြီးကြပ်ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်သွားသောကြောင့် အခြားအဖွဲ့အစည်းတစ်ခုခုသို့ ခွဲဝေသုံးစွဲခွင့်ပြုနိုင်ခြင်းမရှိပါကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။(ဩဘာသံများ )

## သူရဦးအေးမြင့်၊ ဝက်လက်မဲဆန္ဒနယ်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးကော်မတီ/ကော်မရှင်များဖွဲ့စည်းဆောင်ရွက်ရေးအတွက် ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၃ အရ အရေးတကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် သူရဦးအေးမြင့်၊ ဝက်လက်မဲဆန္ဒနယ်က ဥက္ကဋ္ဌထံ

စာဖြင့်ရေးသား လက်မှတ်ရေးထိုးပြီး အဆိုတစ်ရပ်အဖြစ် တင်ပြလာပါတယ်။ ဒီအဆိုကိုတင်သွင်းဖို့ ဝက်လက်မဲဆန္ဒနယ်က သူရဦးအေးမြင့်ကို ဖိတ်ခေါ်ပါတယ်။

**သူရဦးအေးမြင့်(ဝက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော့် အနေနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေလေ့လာသုံးသပ်ရေးကော်မတီ/ကော်မရှင်များဖွဲ့စည်း ဆောင်ရွက်ရေးအဆိုကို အရေးကြီးအဆိုအဖြစ် တင်သွင်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ဥပဒေများရဲ့ အခြေခံအကျဆုံးဖြစ်တဲ့ အခြေခံဥပဒေများကို ယင်းဥပဒေများရဲ့ သမိုင်းကြောင်းအခြေအနေများနှင့် ထင်ဟပ်ပြီး ရေးဆွဲကျင့်သုံးနေကြပါတယ်။ နိုင်ငံရဲ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲဖို့၊ စောင့်ရှောက်ကာကွယ်ဖို့၊ စည်းလုံး ညီညွတ်စွာနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်နိုင်ဖို့၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိဖို့စတဲ့ ရည်ရွယ်ချက်များစွာနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာသုံးရပ်ကို ကျင့်သုံးဆောင်ရွက် နေကြတာဖြစ်ပါတယ်။ အခြားနိုင်ငံများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာကြည့်မယ်ဆိုရင် ထိုင်းနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အခန်း ၁၁ ခန်း၊ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှာ အခန်း ၁၂ ခန်း၊ အိန္ဒိယနိုင်ငံမှာ အခန်း ၂၂ ခန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ အခန်း ၄ ခန်း၊ မလေးရှား နိုင်ငံမှာ အခန်း ၆ ခန်း၊ စင်ကာပူသမ္မတနိုင်ငံမှာ အခန်း ၇ ခန်း၊ အင်ဒိုနီးရှားနိုင်ငံမှာ အခန်း ၁၆ ခန်း စသည်ဖြင့် မိမိတို့နိုင်ငံအလိုက် သမိုင်းနောက်ခံအကြောင်းအရာများကို အခြေခံပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေများကို ရေးဆွဲခဲ့ကြတာတွေ့ရမှာဖြစ်ပါတယ်။ အလားတူ ကျွန်တော်တို့နိုင်ငံမှာလည်း ခေတ်စနစ် အပြောင်းအလဲများအပေါ် အခြေခံပြီး ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၇၁ ဦးနှင့်ရေးဆွဲပြီး ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့မှာ အတည်ပြုခဲ့ပါတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို အဖွဲ့ဝင် ၉၇ ဦးနှင့်ရေးဆွဲပြီး ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှာ အတည်ပြုခဲ့ပါတယ်။ အလားတူ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အဖွဲ့ဝင် ၅၄ ဦးနှင့်ရေးဆွဲပြီး ၂၀၀၈ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှာ အတည်ပြုခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲမှုကို လေ့လာမယ်ဆိုရင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး မိုင်းပွန်စော်ဘွားကြီး စပ်စံထွန်း၊ ကရင်တိုင်းရင်းသားခေါင်းဆောင် မန်းဘခိုင်၊ ကချင်တိုင်းရင်းသား ခေါင်းဆောင် ဆမားဒူးဝါးဆင်ဝါးနောင်စတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေပါဝင်တဲ့ ပြည်ထောင်စုနှင့် ပြည်နယ်ဆပ်ကော်မတီများ အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြပြီးမှ သဘောတူရေးဆွဲခဲ့တာကို တွေ့ရပါတယ်။ ဒါ့အပြင် တစ်နှစ်အတွင်း လွတ်လပ်ရေးရဖို့ တက်သုတ်ရိုက်ပြီး ရေးဆွဲခဲ့ကြရာမှာ အစကနေအဆုံးအထိ ၁၀၈ ရက်ကြာမြင့်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ ပထမမူကြမ်းကို ဥပဒေအကြံပေးဖြစ်သူ ဦးချန်ထွန်းက အိန္ဒိယနိုင်ငံမှာရေးဆွဲခဲ့တာဖြစ်ပြီး တစ်ကြိမ်တည်းမှာပဲ ဖဆပလအဖွဲ့ချုပ် ပဏာမ ညီလာခံက တာဝန်ပေးခဲ့တဲ့ ၁၁၁ ဦးကော်မတီကလည်း မူကြမ်းတစ်ခုရေးဆွဲခဲ့ပါတယ်။ ဒီမူကြမ်း ၂ ခု ပေါင်းစပ်ပြီး ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုပြီး ပေါ်ပေါက်လာတာဖြစ်ပါတယ်။ အဆိုပါ အခြေခံဥပဒေနှင့်အညီ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ရာမှာ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့ မှာပျက်ပြယ်သွားခဲ့တာကိုလေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဥပဒေတစ်ခုဖြစ်တဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာ ကြည့်မယ်ဆိုရင် လမ်းစဉ်ပါတီခေတ်မှာ ပြည်သူ့ဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုခဲ့လို့ ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှာ မဲဆန္ဒရှင်ပေါင်း ၉၀ ရာခိုင်နှုန်းကျော် ထောက်ခံမဲနှင့် ပြဋ္ဌာန်းကျင့်သုံး ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒီအခြေခံဥပဒေဟာ ဆိုရှယ်လစ်စနစ်ကိုကျင့်သုံးတဲ့ တစ်ပါတီ စနစ်ရဲ့အားနည်းချက်ကြောင့် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှာ ပျက်ပြယ်ခဲ့ရပြန်ပါတယ်။ ဆက်လက်ပြီး လက်ရှိလိုက်နာကျင့်သုံးလျက်ရှိတဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာ ကြည့်မယ်ဆိုရင် အနာဂတ်နိုင်ငံတော်အတွက် ရေရှည်အကျိုးရှိပြီး ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ် မရှိမဖြစ်လိုအပ်တဲ့အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၁၉၉၃ ခုနှစ်ကစပြီး အမျိုးသားညီလာခံခေါ်ယူကျင်းပခဲ့တာဖြစ်ပါတယ်။ အစုအဖွဲ့ ၈ ဖွဲ့မှ ကိုယ်စားလှယ် ပေါင်း ၇၀၂ ဦးတက်ရောက်ခဲ့ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး စတဲ့ရှုထောင့်မျိုးစုံက အသိဉာဏ်ပညာ အတွေ့အကြုံကြွယ်ဝတဲ့ ပုဂ္ဂိုလ်များနှင့် တိုင်းရင်းသား ကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်းခဲ့ကြတာဖြစ်ပါတယ်။ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့ မှာ အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်ကို အဖွဲ့ဝင် ၅၄ ဦးနှင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ရာမှာ ၂၀၀၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး၂၀၀၈ ခုနှစ်၊ မေလ ၂၉ ရက်

နေ့မှာ ပြည်သူ ၉၂.၄၈ ရာခိုင်နှုန်း ထောက်ခံမှုဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့တာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အနှစ်သာရကတော့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ အမျိုးသားရေးမူဝါဒမဏ္ဍိုင်ကို အခြေပြုရေးဆွဲထားကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြခဲ့တဲ့အခြေခံဥပဒေ ၃ ရပ်ကို လေ့လာကြည့်မယ်ဆိုရင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အချုပ်အခြာအာဏာပိုင်မှုနဲ့ လွတ်လပ်ရေးကို ဦးစားပေးထားတာဖြစ်ပါတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကတော့ ဆိုရှယ်လစ် စနစ်ကိုဦးစားပေးထားပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကတော့ အချုပ်အခြာအာဏာပိုင်မှုနှင့် လွတ်လပ်ရေးကိုဦးစားပေးထားတဲ့အပြင် ပြည်သူများနှင့် ပြည်ထောင်စုအရေးကို ဦးထိပ်ပန်ဆင်ထားတာ တွေ့ရမှာဖြစ်ပါတယ်။ အာဏာခွဲဝေကျင့်သုံးမှုမှာ ၁၉၄၇ ခုနှစ် အခြေခံဥပဒေက မဲအများဆုံးရတဲ့ ပါတီကို အာဏာ ၃ ရပ်ပေးအပ်ထားပြီး ၁၉၇၄ ခုနှစ် အခြေခံဥပဒေက တစ်ပါတီလက်ထဲကို '၀' ကွက်အပ်ထားခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် အခြေခံဥပဒေကတော့ အာဏာ ၃ ရပ်ကို ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်တို့ကို ပိုင်းခြားတာဝန်ပေးပြီး အပြန်အလှန်ထိန်းကျောင်းပေးတဲ့စနစ်နဲ့ ဒီမိုကရေစီပိုင်ခွင့်အပြည့်အဝပေးထားတာတွေ့ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်တော့ အခြေခံဥပဒေဆိုတာ နိုင်ငံတော်ရဲ့ အခြေခံသဘောထား၊ သဘောတရားများနဲ့ နိုင်ငံတော်အာဏာကို ခွဲဝေသုံးစွဲဖို့ နိုင်ငံတော်အဖွဲ့အစည်းတွေ တည်ထောင်ပုံ၊ ဆက်သွယ်ပုံစတာတွေကို ဥပဒေစကားလုံးများနဲ့ ရုပ်လုံးဖော်ဖွဲ့ဆိုထားခြင်းသာဖြစ်ပါတယ်။ စကားလုံးများထက် သဘောထား၊ သဘောတရားများနဲ့ အဖွဲ့အစည်းများရဲ့စေတနာ၊ ပူးပေါင်းဆောင်ရွက်မှုတွေက ပိုပြီးအနှစ်သာရရှိတာ တွေ့ရမှာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အနှစ်သာရကတော့ ပါတီစုံဒီမိုကရေစီစနစ်ကို စစ်မှန်စွာနဲ့ စည်းကမ်းပြည့်ဝစွာကျင့်သုံး နိုင်အောင်ဖော်ဆောင်ပေးထားခြင်းပဲဖြစ်ပါတယ်။ ဒါဟာ နိုင်ငံသားတိုင်းအတွက် အနာဂတ်အရေး ထာဝစဉ်စိတ်အေးရမယ့် ဖော်ဆောင်မှုပဲဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါလီမန်ဒီမိုကရေစီစနစ် ကျင့်သုံးခဲ့စဉ်ကလို နိုင်ငံရေးပါတီတွေ အာဏာရယူလိုမှု ပြဿနာမျိုး၊ ၁၉၇၄ ခုနှစ် အခြေခံဥပဒေအရ တစ်ပါတီစနစ်ကျင့်သုံးစဉ်ကလို ပါတီတစ်ခုတည်းရဲ့ အာဏာချုပ်ကိုင်မှုပြဿနာမျိုးလုံးဝမပေါ်ပေါက်စေရေးဖော်ဆောင်ပေးထားကြောင်းလည်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေတစ်ရပ်ဟာ အမြဲတမ်းခိုင်မာပြည့်စုံမှန်ကန်နေရန်မှာ မဖြစ်နိုင်ပါ။ အခြေအနေအချိန်အခါပေါ်မူတည်ပြီး မဆီလျော်တော့တဲ့၊ လက်ရှိအခြေအနေနဲ့ မကိုက်ညီတော့တဲ့ ဥပဒေအချက်အလက်တွေရှိနေမှာပဲဖြစ်ပါတယ်။ အလားတူ ဥပဒေတစ်ရပ်ဟာ မည်သို့ပင် ပြည့်စုံသည်ဆိုစေကာမူ အချိန်ကာလအပြောင်းအလဲကြောင့် ပြည်တွင်းပြည်ပနိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအစရှိတဲ့ အရေးအရာအမျိုးမျိုးကြောင့် ခေတ်အခြေအနေနဲ့ အံဝင်ခွင်ကျမဖြစ်တာတွေ၊ ပြင်ဆင်ဖို့၊ ဖြည့်စွက်ဖို့ လိုအပ်ချက်တွေ ပေါ်ပေါက်လာမှာ ဓမ္မတာပဲဖြစ်ပါတယ်။ ဒီလိုအချိန်မှာ အခြေအနေအချိန်အခါနဲ့ လိုက်လျောညီထွေရှိတဲ့ ပြင်ဆင်မှုများကို ညှိနှိုင်းသုံးသပ်ဆောင်ရွက်သွားကြရမှာ ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်များရဲ့ တာဝန်ပဲဖြစ်ပါတယ်။ နိုင်ငံတကာရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာလည်း အလားတူအခြေအနေ အကြောင်း အမျိုးမျိုးကြောင့် ပြန်လည်လေ့လာသုံးသပ်ပြီး လက်ရှိအခြေအနေနဲ့ ကိုက်ညီအောင် ပြင်ဆင်မှုတွေလုပ်ခဲ့ကြရတာတွေ့ရမှာဖြစ်ပါတယ်။ ယခု ကျွန်တော်တို့နိုင်ငံရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာလည်း ရေးဆွဲခဲ့စဉ်ကာလက အနာဂတ်နိုင်ငံတော်အတွက် စေတနာအပြည့်နဲ့ အဘက်ဘက်က ပြည့်စုံအောင်ရေးဆွဲခဲ့တာမှန်သော်လည်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအရှိန်အဟုန်မြင့်မားမှုကြောင့် ခေတ်ကာလအခြေအနေအချိန်အခါနဲ့ အံဝင်ဂွင်ကျမဖြစ်တော့တဲ့၊ လိုက်လျောညီထွေမဖြစ်တော့တဲ့ ဥပဒေအချက်အလက်များ ရှိကောင်းရှိနေမှာဖြစ်ပါတယ်။ ဒီအချက်တွေကို အခြေအနေအချိန်အခါနဲ့ အံဝင်ဂွင်ကျဖြစ်အောင်၊ လိုက်လျောညီထွေဖြစ်အောင် ပြန်လည်လေ့လာသုံးသပ်ဖို့လိုပြီလို့ ယူဆမိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၁၂) မှာလည်း လေ့လာသုံးသပ်နိုင်ဖို့နည်းလမ်းများ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ သို့သော်လည်း လေ့လာသုံးသပ်ရာမှာတော့ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းလိုရာဆွဲပြီးဆောင်ရွက်ခြင်းဟာ နိုင်ငံတော်အတွက် အန္တရာယ်ကြီးမားတဲ့အတွက် သင့်တော်မည့် ဥပဒေပညာရှင်များ၊ အသိဉာဏ်ပညာ ပြည့်ဝသူများ၊ အတွေ့အကြုံရင့်ကျက်သူများနှင့် ကော်မတီ/ ကော်မရှင်များအဖြစ်ဖွဲ့စည်းပြီး ဆောင်ရွက်သင့်ပါတယ်။ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို ကာကွယ်စောင့်ရှောက်မယ့် အခြေအနေအချိန်အခါနဲ့ လိုက်လျောညီထွေဖြစ်မယ့် ဥပဒေမျိုးဖြစ်အောင် ကော်မတီ/ ကော်မရှင်များက အဘက်ဘက်က လေ့လာသုံးသပ်ပြီး ဆောင်ရွက်သင့်ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးကော်မတီ/ကော်မရှင်များ ဖွဲ့စည်းဆောင်ရွက်ရေးအတွက် ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်းအဆိုကို အလေးအနက်တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံဆွေးနွေးမယ့် ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးသိန်းဇော်(မြစ်ကြီးနားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များခင်ဗျား။ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မြစ်ကြီးနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် တိုင်းရင်းသား ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌလည်း ဖြစ်ပါသည်။ ကျွန်တော့် အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့် တင်သွင်းသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးကော်မတီ/ ကော်မရှင်များ ဖွဲ့စည်းဆောင်ရွက်ရေးအတွက် ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်း အဆိုကို ထောက်ခံရင်းနဲ့ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ လူထု လူတန်းစားပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ၊ အသိပညာရှင်၊ အတတ်ပညာရှင်များစွာဖြင့် အချိန်ယူ ရေးဆွဲခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို မဲပေးနိုင်ခွင့်ရှိသူရဲ့ ၉၈.၁၂ ရာခိုင်နှုန်းမဲပေးပြီး ထောက်ခံမှု ၉၂.၄၈ ရာခိုင်နှုန်းဖြင့် အတည်ပြုခဲ့ခြင်း ဖြစ်ပါတယ်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဦးတည်ချက်များကို အစဉ်တစိုက် မမှိတ်မသုန်စွဲမြဲခံယူ ကျင့်သုံးသွားကြမယ်ဆိုတဲ့ သန္နိဋ္ဌာန်များချမှတ်ပြီးတော့လည်းကောင်း၊ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလ တရားများထွန်းကားစေရန် တိုင်းရင်းသား ပြည်သူအများ ငြိမ်းချမ်းသာယာဝပြောရေးကို တည်တံ့ခိုင်မြဲအောင် အစဉ်မပြတ်ထိန်းသိမ်းဆောင်ရွက် သွားကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍လည်းကောင်း၊ နိုင်ငံတော်အတွင်း လူမျိုးရေးတန်းတူမှုနှင့် စစ်မှန် သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာမွေးမြူလျက်ထာဝစဉ် စည်းလုံး ညီညွတ်စွာ အတူတကွလက်တွဲနေထိုင်သွားကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍လည်းကောင်း၊ ကမ္ဘာ့ ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေးကို ရှေးရှုလျက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းရန် အစဉ်ကြိုးပမ်းကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍လည်းကောင်း ပြည်သူအများမှ တစ်ခဲနက် ဆန္ဒပြုခဲ့ကြခြင်းဖြစ်ပါတယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ခက်မသုံးဖြာ၊ အာဏာ ၃ ရပ်ကို ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ တစ်ခုနှင့်တစ်ခု အပြန်အလှန်ထိန်းကျောင်းနိုင်ရန် ဆောင်ရွက်ထားသည်ကို တွေ့ရှိရပါတယ်။ ဥပဒေပြုရေးကဏ္ဍတွင် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်စသည့် နိုင်ငံတော်ရေးရာများကို ဥပဒေပြုခြင်း၊ ထိန်းကျောင်းခြင်းများဆောင်ရွက်နိုင်ရန် သတ်မှတ်ဖွဲ့စည်းထားသကဲ့သို့ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များဖွဲ့စည်း၍ ဥပဒေပြုနိုင်ရန်များပါရှိပါသည်။ အုပ်ချုပ်ရေးပိုင်းတွင် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဟုခွဲခြား၍ ကဏ္ဍအလိုက် အုပ်ချုပ်ရေးကိုဆောင်ရွက်ထားရှိကြောင်း တွေ့ရှိရပါတယ်။ တရားစီရင်ရေးတွင်လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ဥပဒေအရတည်ဆောက်ထားသော တရားရုံးများ၊ စစ်ဘက်တရားရုံးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးစသည်ဖြင့် တရားရုံးများဖွဲ့စည်းပြီး တရားစီရင်ရေးကဏ္ဍကို ဆောင်ရွက်ထားရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မည်သည့်ဥပဒေမဆို အချိန်အတိုင်းအတာကာလများ ရွေ့ပြောင်းသွားသည်နှင့်အမျှ ထိုကာလများနှင့် လိုက်လျောညီထွေစွာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ယခု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဒီမိုကရေစီလမ်းကြောင်းဖြင့် ချီတက်လာသည်မှာ ၂ နှစ်ကျော်ကာလ ရှိနေပြီဖြစ်ပါတယ်။ ထိုကဲ့သို့ဖြတ်သန်းရသော ကာလမှ အတွေ့အကြုံများနှင့် ရင်ဆိုင်တွေ့ကြုံနေရသော အခြေအနေများအရ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး အရှိန်အဟုန်ဖြင့် တည်ဆောက်နိုင်ရေးအတွက်လည်းကောင်း၊ တိုင်းရင်းသားများ၏ အခန်းကဏ္ဍများပိုမိုပီပြင်စွာဖြင့် နိုင်ငံတော်အတွင်း စည်းလုံးမှုကျစ်လျစ်ခိုင်မာစွာ တည်ဆောက်နိုင်ရန်အတွက်လည်းကောင်း၊ အုပ်ချုပ်ရေးယန္တရားများ ပိုမိုပီပြင်စွာဖြစ်ပေါ်လာရေးအတွက် လည်းကောင်း၊ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ခိုင်မာသော တရားစီရင်ရေးစနစ်များ ပိုမိုဖြစ်ထွန်းပေါ်ပေါက်လာစေရေးတို့အတွက် လိုအပ်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေကို ခေတ်ကာလနှင့်လျော်ညီစွာ ပိုမိုပီပြင်ခိုင်မာလာစေရေးကို သတ်မှတ်ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းဘောင်အတွင်းမှ ဆောင်ရွက်နိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်မှ တင်သွင်းသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ

ဥပဒေ လေ့လာသုံးသပ်ရေးကော်မတီ/ ကော်မရှင်များ ဖွဲ့စည်းဆောင်ရွက်ရေးအတွက် ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌအနေနဲ့လည်းကောင်း၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအနေနဲ့လည်းကောင်း လေးလေးနက်နက်ထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သူရဦးအေးမြင့်တင်သွင်းသွားတဲ့ အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးသွားပါတယ်။ ဤအဆိုဟာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်တို့နှင့်တိုက်ရိုက်သက်ဆိုင်နေပါတယ်။ မိမိတို့ ပြည်သူ့လွှတ်တော်မှာ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်လည်း ဖွဲ့စည်းထားရှိပါတယ်။ ဒီကော်မရှင်မှာ ဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် အဖွဲ့ဝင်များအဖြစ် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ မဟုတ်သော သံအမတ်ဟောင်းများ၊ ဥပဒေပညာရှင်များ၊ နိုင်ငံရေး၊ ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေးဆိုင်ရာတို့တွင် တာဝန်ယူဆောင်ရွက်ခဲ့သူများ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် သိပ္ပံနည်းပညာ ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းထားရှိပါတယ်။ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၁) ခုနှစ် စာမျက်နှာ ၂ တွင်ပါရှိတဲ့ ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များလည်း သတ်မှတ်ထားခဲ့ပါတယ်။ ယင်းတို့အနက် စာပိုဒ် ၅ မှာ ကော်မရှင်သည် တည်ဆဲဥပဒေများအား လေ့လာသုံးသပ်ပြီး ပြင်ဆင်ရေး၊ ပယ်ဖျက်ရေး၊ အသစ်ပြဋ္ဌာန်းရေးတို့ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြရမည်လို့ ပြဋ္ဌာန်းပေးခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း တည်ဆဲဥပဒေတစ်ရပ်ဖြစ်ပါတယ်။ အဆိုရှင်နှင့် ထောက်ခံဆွေးနွေးသူတို့ရဲ့ ဆွေးနွေးချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအား အစဉ်လေ့လာသုံးသပ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည် သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးအတွက်နဲ့ လက်ရှိဖြစ်ပေါ် တိုးတက်နေသော ပြည်တွင်းပြည်ပ အခြေအနေများအပေါ်တွင်လည်းကောင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားအားအခါအားလျော်စွာ ပြင်ဆင်မှုပြုနိုင်ရန်အတွက် ကော်မရှင်တစ်ရပ် သို့မဟုတ် အဖွဲ့ကို တိုင်းရင်းသားကိုယ်စားလှယ်များအပါအဝင် ပါတီစုံမှ လွှတ်တော်ကိုယ်စားလှယ်များပါဝင်၍ သင့်တော်သလို ဖွဲ့စည်းသွားရေးကို လွှတ်တော်မှလည်း စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ရန်လိုအပ်မည်လို့ ဥက္ကဋ္ဌအနေဖြင့်

ယူဆကြောင်း လွှတ်တော်သို့ တင်ပြပါတယ်။ သို့ရာတွင် လွှတ်တော်ရဲ့အဆုံးအဖြတ်ကိုလည်း ရယူမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် တင်သွင်းတဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးကော်မတီ သို့မဟုတ် ကော်မရှင်များ ဖွဲ့စည်းဆောင်ရွက်ရေးအတွက် ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်က ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်မှာဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်းအဆိုကို ပြည်ထောင်စုလွှတ်တော် နာယကထံသို့ သဝဏ်လွှာပေးပို့ဆောင်ရွက်သွားမည်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် သူရဦးအေးမြင့်တင်သွင်းတဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်ရေးအတွက် ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်း အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၉) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၂၈) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့ကို ထပ်မံကျင်းပမည့်နေ့ကို ထပ်မံကြေညာပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၂၈) ရက်မြောက်နေ့ ရပ်နားကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၅၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၂၈) ရက်မြောက်နေ့ကို ၁၂း၅၅ နာရီအချိန်တွင်ရပ်နားပါသည်။]